JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**အောက်တိုဘာလ ၂၆ ၊ ၂၀၂၂၊ မြန်မာ**

## မြန်မာစစ်လက်နက်ရောင်းချမှုတွေကို ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးဖို့ လျှောက်ထားမှုအပေါ် အမြန်ဆုံးအရေးယူဆောင်ရွက်ဖို့ အစ္စရေးရှေ့နေချုပ်ကို JFM တောင်းဆို

အစ္စရေးလက်နက်ကုမ္ပဏီတွေဖြစ်ကြတဲ့ Aerospace Industries, Elbit Systems နဲ့ Israel Shipyards၊ အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးပစ္စည်းတင်ပို့မှုထိန်းချုပ်ရေးအေဂျင်စီ (DECA) ရဲ့ ဒါရိုက်တာနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးပစ္စည်းတင်ပို့မှုဌာနရဲ့ အကြီးအကဲတို့ကို မြန်မာနိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုတွေမှာ ပါဝင်ပတ်သက်ကြောင်း သံသယရှိတဲ့အတွက် သူတို့ရဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေအပေါ် ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ပေးဖို့ လျှောက်ထားလွှာတစ်စောင်ကို ရှေ့နေချုပ်ရုံးထံ တင်သွင်းတိုင်ကြားထားပြီး ဖြစ်ပါတယ်။

အဲ့ဒီတိုင်ကြားချက်က ၂၀၁၅ ခုနှစ်ကစပြီး အစ္စရေးနိုင်ငံက စစ်လက်နက်တွေ ရောင်းချမှုနဲ့ ဈေးကွက်ရှာဖွေမှုတွေမှာ မြန်မာခရိုနီကုမ္ပဏီ Star Sapphire Trading ရဲ့ ပါဝင်ပတ်သက်မှုကို တိုင်ကြားတာဖြစ်ပါတယ်။

Justice For Myanmar ဆီ လျှို့ဝှက်ပေါက်ကြားလာပြီး၊ အခုလျှောက်ထားတိုင်ကြားချက်မှာ ထည့်သွင်းအသုံးပြုထားတဲ့ စာရွက်စာတမ်းများအရ Star Sapphire Trading ကုမ္ပဏီက အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ဒီအစ္စရေးစစ်လက်နက်ကုမ္ပဏီကြီး ၃ ခုရဲ့ မြန်မာနိုင်ငံတစ်ဦးတည်းသောကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရပါတယ်။

လျှောက်ထားတိုင်ကြားချက်မှာ

- အဲ့ဒီကုမ္ပဏီကြီး ၃ ခုဟာ အစ္စရေးရာဇဝတ်ဥပဒေ၊ အထူးသဖြင့် ၁၉၇၇ ခုနှစ် အစ္စရေးပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၂၉၁(က) တို့ကို ချိုးဖောက်ပြီး အကျင့်ပျက်ချစားမှုနဲ့ လာဘ်ပေးလာဘ်ယူမှု ဖြစ်နိုင်ဖွယ်ရှိတဲ့ အခြေအနေတွေကို မသိကျိုးကျွံပြုခဲ့ကြောင်း စွဲဆိုထားပါတယ်။

- စစ်လက်နက်ရောင်းချမှုတွေမှာ Star Sapphire ကုမ္ပဏီရဲ့ ပါဝင်ပတ်သက်မှုအခန်းကဏ္ဍကို ခွင့်ပြုပေးခဲ့တဲ့ အရာရှိတွေကို ၁၉၇၇ ခုနှစ် အစ္စရေးပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၁ အရ စုံစမ်းစစ်ဆေးဖို့ တောင်းဆိုထားပါတယ်။

- အစ္စရေးနိုင်ငံရဲ့ ထိန်းချုပ်ရေးဥပဒေအရ ပြဌာန်းထားတဲ့ လုပ်ငန်းတွေဖြစ်တဲ့ နိုင်ငံအစိုးရအချင်းချင်း စစ်လက်နက်ရောင်းချမှုတွေမှာ ဈေးကွက်ရှာဖွေမှုနဲ့ ကြားခံပွဲစား ဝန်ဆောင်မှုတွေအတွက် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုကို ဘာအတွက် သုံးတယ်ဆိုတာကို မေးခွန်းထုတ်ထားပါတယ်။

အဲ့ဒီလျှောက်ထားတိုင်ကြားချက်ကို အစ္စရေးနိုင်ငံသား ၆၀ ဦးတို့ကိုယ်စား ရှေ့နေကြီး အီတေမက်ခ်က အစ္စရေးရှေ့နေချုပ် ဂါလီ ဘဟာရပ်ဗ် မီယာရာဆီ အောက်တိုက်ဘာလ ၃ ရက်နေ့က တိုင်ကြားခဲ့တာ ဖြစ်ပါတယ်။ တိုင်ကြားသူတွေထဲမှာ အစ္စရေးလွှတ်တော်ဥက္ကဌဟောင်း Avraham ("Avrum") Burg၊ ထင်ရှားတဲ့ ပညာရှင်တွေဖြစ်ကြတဲ့ ပါမောက္ခ Eva Illouz၊ ပါမောက္ခ Louise Bethlehem၊ ပါမောက္ခ Ruth HaCohen Pinczower နဲ့ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူတွေ ပါဝင်ပါတယ်။

အဲ့ဒီလျှောက်ထားတိုင်ကြားချက်အပေါ် အမြန်ဆုံး အရေးယူဆောင်ရွက်ပေးဖို့ အစ္စရေးရှေ့နေချုပ်ကို JFM က တောင်းဆိုပါတယ်။

အဲ့ဒီအစ္စရေးကုမ္ပဏီတွေထဲက Israel Aerospace Industries (IAI) ကို အစ္စရေးအစိုးရက ပိုင်ဆိုင်ပြီး၊ Elbit Systems နဲ့ Israel Shipyards နှစ်ခုတို့က အများပိုင် ကုမ္ပဏီစာရင်းထဲမှာပါပါတယ်။

မြန်မာစစ်တပ်ကို စစ်လက်နက်လွှဲပြောင်းရောင်းချမှုတွေမှာ Elbit Systems ကုမ္ပဏီက ရောင်းချပေးခဲ့တဲ့ Skylark မောင်းသူမဲ့လေယာဉ် (UAVs) ဒရုန်းတွေနဲ့ IAI ကုမ္ပဏီက ရောင်းပေးခဲ့တဲ့ Super Dvora MK III အမျိုးအစား အမြန်သွားကင်းလှည့်ရေယာဉ်တွေ ပါဝင်တယ်။

မြန်မာစစ်တပ်က Elbit Systems ရဲ့ Skylark မောင်းသူမဲ့ လေယာဉ် (UAVs ) ဒရုန်းတွေ ကို မြန်မာနိုင်ငံအနောက်ပိုင်းဒေသမှာ သူတို့ စစ်ရာဇဝတ်မှု ကျူးလွန်ခဲ့တဲ့ စစ်ဆင်ရေးအတွက် တိုက်ခိုက်မှုတွေမှာ အသုံးပြုခဲ့ပါတယ်။

မြန်မာဘက်ခြမ်းမှာတော့ Star Sapphire Trading ကုမ္ပဏီက Star Sapphire Group ရဲ့အစိတ်အပိုင်းဖြစ်ပြီး၊ အဲ့ဒီကုမ္ပဏီကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ စစ်အာဏာသိမ်းကြိုးပမ်းမှုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ သူ့ရဲ့သမီးဖြစ်သူ ခင်သီရိသက်မွန်တို့နဲ့ စီးပွားရေးဆက်နွယ်မှုတွေရှိတဲ့ မြန်မာစစ်လက်နက်ပွဲစား ဒေါက်တာထွန်းမင်းလတ်က ဦးဆောင်ပါတယ်။ ဒေါက်တာထွန်းမင်းလတ်က

အရင်စစ်အစိုးရလက်ထက် ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ညွှန်ကြားရေးမှူးချုပ်တစ်ဦးဖြစ်ခဲ့သူ၊ ဒုတိယဗိုလ်မှူးကြီးဟောင်း ခင်မောင်လတ်ရဲ့သားဖြစ်ပါတယ်။

၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၊ ၁၇ ရက်နေ့မှာ ဒေါက်တာထွန်းမင်းလတ်ကို Star Sapphire Group ရဲ့ကုမ္ပဏီခွဲ Myanmar Allure Group ကတဆင့် မြန်မာနိုင်ငံနယ်စပ်မြို့ တာချီလိတ်သို့ လျှပ်စစ်မီးရောင်းချမှုနဲ့ဆက်စပ်ပြီး မူးယစ်ဆေးဝါးမှောင်ခိုရောင်းချမှု၊ ငွေကြေးခဝါချမှုစွဲချက်တွေနဲ့ ဘန်ကောက်မြို့မှာ ဖမ်းဆီးခဲ့ရပါတယ်။ Star Sapphire Group ဟာ Myanmar Allure Group ကတဆင့် တာချီလိတ်မှာ တရားမဝင် ကာစီနိုလောင်းကစားရုံ တခုလည်း လည်ပတ်နေပါတယ်။

Star Sapphire Group ရဲ့အမှုဆောင်ဒါရိုက်တာဟာ ထက်အောင်ဖြစ်ကြောင်း မကြာသေးမီက ဖြုတ်ချခဲ့တဲ့ သူရဲ့ လူမှုကွန်ယက် LinkedIn စာမျက်နှာအရ သိရပါတယ်။ ထက်အောင်က အခုစီးပွားရေးလုပ်ငန်းတွေ လုပ်ခဲ့တဲ့ကာလ အတွင်းမှာ ဒုတိယနိုင်ငံခြားရေးဝန်ကြီးနဲ့ ဒုတိယသယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်ခဲ့သူ၊ အရင်က ဥရောပသမဂ္ဂက အရေးယူဒဏ်ခတ်ပိတ်ဆို့ခြင်း ချမှတ်ခံခဲ့ရသူ ဗိုလ်မှူးချုပ်ဟောင်းဇင်ယော်ရဲ့ သား ဖြစ်ပါတယ်။

Star Sapphire ရဲ့ဈေးကွက်ရှာတဲ့ လုပ်ငန်း နဲ့ ကြားခံပွဲစားလုပ်ငန်းတွေကို ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှာ အစ္စရေးနိုင်ငံကို သွားရောက်ခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အပါအဝင် မြန်မာစစ်တပ်အဖွဲ့ဝင်တွေနဲ့ အစ္စရေးအစိုးရတို့အကြား ထိပ်ပိုင်းခေါင်းဆောင်တွေ ထိတွေ့ဆက်ဆံမှုရှိခဲ့တဲ့အချိန်မှာ လုပ်ခဲ့တာဖြစ်ပါတယ်။

အကျင့်ပျက်ခြစားမှုစုံစမ်းစစ်ရေးတစ်ရပ်ပြုလုပ်ဖို့ လျှောက်ထားတိုင်ကြားလွှာမှာ အစ္စရေးနိုင်ငံကို အခြားသော တောင်းဆိုမှုတွေမှာ-

- ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အဲ့ဒီကုမ္ပဏီ ၃ခုတို့ကနေ သက်ဆိုင်တဲ့ ကျန်ရှိစာရွက်စာတမ်းတွေကို ချက်ချင်းရှာဖွေသိမ်းဆည်းစေရေး အမိန့်ပေးဖို့နဲ့
- Star Sapphire Group ကို ငွေပေးချေမှုတွေနဲ့ သဘောတူစာချုပ်တွေအားလုံးအပါအဝင် သက်သေအထောက်အထားတွေကို ဖုံးကွယ်ထားတာတွေကို တားဆီးဖယ်ရှားပေးဖို့ တောင်းဆိုခဲ့တယ်။

အခုတိုင်ကြားလျှောက်ထားလွှာမတိုင်ခင်ကလည်း ရှေ့နေအီတေမက်ခ်က မြန်မာနိုင်ငံကို စစ်လက်နက် တင်ပို့ရောင်းချခဲ့တဲ့ အစ္စရေးနိုင်ငံသားတွေကို လူမျိုးတုန်းသတ်ဖြတ်မှုနဲ့ လူသားမျိုးနွယ်အပေါ်ကျူးလွန်တဲ့

ရာဇဝတ်မှုတွေမှာ အားပေးကူညီမှုနဲ့ ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ဖို့ တောင်းဆိုတဲ့ တင်သွင်းလွှာတစ်စောင်ကို ၂၀၁၈ ခုနှစ်မှာ တင်သွင်းခဲ့တယ်။

ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်က ၂၀၁၉ ခုနှစ် အစီရင်ခံစာမှာ အစ္စရေးနိုင်ငံဟာ ကြိုတင်မြင်နိုင်တဲ့ လူ့အခွင့်ရေးဆိုးကျိုးသက်ရောက်မှုတွေ ရှိနေပေမယ့်လည်း မြန်မာနိုင်ငံကို စစ်လက်နက်နဲ့ ဆက်စပ်အကူအညီတွေ လွှဲပြောင်းပေးအပ်ကူညီခဲ့တဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ကြောင်း ကောက်ချက်ချခဲ့ပါတယ်။

အရင် ၂၀၁၈ ခုနှစ် တိုင်ကြားချက်ကို အခုအချိန်အထိ ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေး လုပ်ဆောင်တာမရှိသေးတဲ့အပေါ် စိုးရိမ်ပူပန်ကြောင်း Justice For Myanmar က ဖော်ပြလိုက်ပြီး၊ ဒီတိုင်ကြားမှုကို ရာဇဝတ်ကြောင်းအရ အမြန်ဆုံး စစ်ဆေးဆောင်ရွက်ပေးဖို့ တောင်းဆိုပါတယ်။

**Justice For Myanmar ရဲ့ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "အစ္စရေးအစိုးရတာဝန်ရှိသူတွေ၊ IAI၊ Elbit Systems နဲ့ Israel Shipyards တို့အပေါ် တိုင်ချက်ဖွင့်လိုက်တဲ့ တိုင်ကြားစာအရ မြန်မာနိုင်ငံကို သူတို့ရဲ့ စစ်လက်နက်ရောင်းချမှုတွေမှာ အစ္စရေးနိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုတွေကို အရေးတကြီးမေးခွန်းတွေ မေးရမှာဖြစ်ပါတယ်။

"အစ္စရေးနိုင်ငံအနေနဲ့ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုတွေနဲ့ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေမှာ အားပေးကူညီခဲ့သည်သာမကဘဲ၊ စစ်ရာဇဝတ်ကောင်မင်းအောင်လှိုင်နဲ့ ဆက်နွှယ်မှုရှိတဲ့ နာမည်ဆိုးနဲ့ ကျော်ကြားတဲ့ ခရိုနီစစ်လက်နက်ပွဲစား ဒေါက်တာထွန်းမင်းလတ်နဲ့ Star Sapphire Group တို့ကိုလည်း ငွေကြေးအရ ကြွယ်ဝချမ်းသာစေခဲ့တာ ဖြစ်ပါတယ်။

"ခွင့်ပြုချက်ပေးခဲ့ကြတဲ့ အစ္စရေးအရာရှိတွေအဖို့ ဒေါက်တာထွန်းမင်းလတ်ရဲ့ Sapphire Group က ဈေးကွက်ရှာဖို့ နဲ့ ကြားခံပွဲစားလုပ်ဖို့ ပါလာကတည်းက သတိထားခဲ့သင့်ပါတယ်။

"အဲ့ဒီလိုမဖြစ်ခဲ့ဘဲ အစ္စရေးနိုင်ငံဟာ သူရဲ့အကျိုးအမြတ်ရှာဖွေဖို့အတွက် ဒေါက်တာထွန်းမင်းလတ်နဲ့ မြန်မာစစ်တပ်ရဲ့ရာဇဝတ်လုပ်ရပ်တွေကို မသိကျိုးကျွံပြုခဲ့ပုံရပြီး၊ အကျင့်ပျက်ခြစားတဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ဆောင်ခြင်းနဲ့ မြန်မာစစ်တပ်ရဲ့ရက်စက်ကြမ်းကြုတ်မှုတွေကို အားပေးကူညီခဲ့ပါတယ်။

"မြန်မာနိုင်ငံကို စစ်လက်နက်တွေ ရောင်းချပြီး အကျင့်ပျက်ခြစားမှု၊ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေမှာ အားပေးကူညီနေတာတွေကို ရာဇဝတ်ကြောင်းအရ အမြန်ဆုံး စုံစမ်းစစ်ဆေးမှုတွေ

လုပ်ဆောင်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။ ကျူးလွန်သူအားလုံးကို မဖြစ်မနေ တာဝန်ခံခိုင်းရမှာ ဖြစ်ပါတယ်။” လို့ ပြောကြားခဲ့ပါတယ်။

**ရှေ့နေ အီတေမက်ခ်က** “အစ္စရေးနိုင်ငံက သူတို့ရဲ့ စစ်ဘက်ဆိုင်ရာ အကူအညီတွေဖြစ်တဲ့ စစ်လက်နက်အကူအညီတွေ၊ သင်တန်းတွေနဲ့ စစ်ဘက်ဆိုင်ရာ အသိပညာတွေ ပံ့ပိုးပြီး မြန်မာစစ်တပ် တည်ဆောက်တာ၊ ဖွဲ့စည်းတာတွေမှာ အလွန်အရေးပါတဲ့ အခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ အဲ့ဒီအကူအညီတွေကို မြန်မာစစ်တပ်က တရားမဝင်အာဏာရယူကြိုးပမ်းရာမှာ မြန်မာပြည်သူတွေအပေါ် တိုက်ခိုက်ဖို့အတွက် ရည်ရွယ်ချက်ရှိရှိ အသုံးပြုခဲ့ပါတယ်။

“မြန်မာနိုင်ငံရဲ့ အကျင့်ပျက်ခြစားမှုတွေမှာ အစ္စရေးစစ်လက်နက်ကုမ္ပဏီတွေနဲ့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့က ထိပ်ပိုင်းအရာရှိတွေ ပါဝင်ပတ်သက်မှုရှိနေတယ်ဆိုတဲ့သံသယနဲ့ အစ္စရေးရှေ့နေချုပ်ဆီကို မိမိတို့တင်သွင်းလိုက်တဲ့ တိုင်ကြားစာက အစ္စရေးနိုင်ငံမှာ အခုနှစ်တွေအတွင်း လုပ်ဆောင်ခဲ့တဲ့ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ချက်ဖြစ်ရပ်တွေရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။

“အစ္စရေးနိုင်ငံက ကုလသမဂ္ဂနဲ့ OECD အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးပဋိညာဉ်တွေမှာ ပါဝင်လက်မှတ်ရေးထိုး ထားတဲ့ နိုင်ငံဖြစ်ပြီး၊ စစ်တပ်မိသားစုဝင်တွေရဲ့ ကုမ္ပဏီတွေဆီ အကျိုးဆောင်ခပေးတာတွေကတဆင့် အကျင့်ပျက် ခြစားမှုမှာ ပါဝင်ပတ်သက်တာကို အစ္စရေးနိုင်ငံက တားမြစ်ထားပါတယ်။ အစ္စရေးနိုင်ငံအနေနဲ့ စစ်လက်နက်ရောင်းချခြင်းကတဆင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေမှာ ပံ့ပိုးကူညီတာကိုလည်း တားမြစ်ထားပါတယ်။ မြန်မာစစ်တပ်အနေနဲ့ လူမျိုးတုန်းသတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှု စွပ်စွဲချက်တွေနဲ့ အပြည်ပြည်ဆိုင်ရာတရားရုံးနဲ့ နိုင်ငံတကာရာဇဝတ်ခုံရုံးတို့မှာ အမှုရင်ဆိုင်နေရတာ ဖြစ်ပါတယ်။

“စိုးရိမ်ဖွယ်ရာအဆင့် အကျင့်ပျက်ခြစားမှုတွေရှိနေတဲ့ မြန်မာနိုင်ငံထဲက ကုမ္ပဏီတွေနဲ့ အလုပ်လုပ်ကြတာ အစ္စရေးနိုင်ငံတခုတည်းမဟုတ်ပဲ အခြားနိုင်ငံတွေလည်းပါပေမဲ့ အစ္စရေးကတော့ စစ်တပ်ရဲ့ စီးပွားရေးလုပ်ငန်းစုကြီးနဲ့ အလုပ်လုပ်နေတာမို့ ထူးကဲဆိုးရွားတဲ့ နိုင်ငံဖြစ်ပါတယ်။

“မြန်မာစစ်တပ်ရဲ့ အကျင့်ပျက်ခြစားနေတဲ့ စီးပွားရေးကွန်ရက်ဟာ တိုင်းပြည်ကို အုပ်ချုပ်နိုင်ဖို့ ဆက်ကြိုးပမ်းနေတဲ့ လုပ်ရပ်တွေ၊ မြန်မာပြည်သူတွေအပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှုတွေအတွက် ငွေကြေးထောက်ပံ့တဲ့ လုပ်ရပ်တွေ၊ စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်တွေကို ဆက်လက်ပံ့ပိုးဖို့လုပ်နေတဲ့ လုပ်ရပ်တွေ အတွက် အရေးပါတဲ့ အစိတ်အပိုင်းတစ်ရပ် ဖြစ်ပါတယ်။

“မြန်မာစစ်တပ်က လက်ရှိကျူးလွန်ထားတဲ့ ရာဇဝတ်မှုတွေမှာ စစ်ရာဇဝတ်မှုတွေ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ရာဇဝတ်မှုတွေ ပါဝင်ပါတယ်။ အစွရေးအနေနဲ့ ဒီရာဇဝတ်မှုတွေကို ရပ်တန့်ဖြစ်ဖို့အတွက် ရှေ့ထွက်၊ တာဝန်ယူဆောင်ရွက်ဖို့ မဖြစ်မနေ လိုအပ်ပါတယ်။” လို့ ပြောကြားခဲ့ပါတယ်။

## ပိုမိုသိရှိရန်

ရာဇဝတ်ကြောင်းအရစုံစမ်းစစ်ဆေးရန်အတွက် တိုင်ကြားလွှာအပြည့်အစုံကို ယခုနေရာတွင် ဖတ်ရှုပါ။

Star Sapphire Group အကြောင်း ကျွန်ုပ်တို့၏ သတင်းဆောင်းပါးကို ယခုနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရှိစေရန်၊ စစ်တပ်စီးပွားရေးများ အဆုံးသတ်ရန် တောင်းဆိုနေပြီး ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် စည်းရုံးလှုံ့ဆော်နေသော အမည်မဖော်ပြသည့် တက်ကြွလှုပ်ရှားသူများ အစုအဖွဲ့ဖြစ်သည်။

**Justice For Myanmar** | media@justiceformyanmar.org
https://www.justiceformyanmar.org/ | Mirror: https://justiceformyanmar.github.io/justiceformyanmar.org/
https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/